အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ညံ့သည်ကို တွေ့ကြရသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသော်လည်း အဖွဲ့အစည်း အချင်းချင်းလည်း ချိတ်ဆက်မှု လုံးဝမရှိကြပါ။ ဦးဆောင်မှု စွမ်းရည် လည်း အားနည်းသည်ကို တွေ့ရသည်။ ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ မှတ်တမ်းနှင့် စာရင်းဇယားစနစ်တကျ ရေးသွင်းမှု၊ စနစ်တကျ ထိန်းသိမ်းမှု၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှု စသည့် စွမ်းဆောင်ရည်မြှင့်ရေး သင်တန်းများ ရရှိနိုင်ပါက အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။ကျေးရွာသည်ပြင်ပဖွံ့ဖြိုးရေးအဖွဲ့များနှင့် ဆက်စပ်မှု အားနည်းနေသည် ကို တွေ့ရသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ ၂၄၄.၀၁ ဧက၊ ယာမြေ/တောင်ယာမြေ ၃၀၅.၅၁ဧက၊ ဥယျာဉ်ခြံ ၁၂၇.၁ ဧကနှင့် အိမ်ခြံဝင်းစိုက်ခင်း ၂ ဧက စုစု ပေါင်းစိုက်ပျိုးမြေ ၆၇၈.၆၂ ဧကရှိသည်။ စိုက်ပျိုးမြေအားလုံး၏ မြေအရည်အသွေးမှာ အသင့်တင့် သာရှိပြီး ဆည်ရေမရရှိ သောကြောင့် မိုးရေကိုသာ အဓိက အားထားစိုက်ပျိုးကြရပါသည်။ ထို့ကြောင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်း မရှိ၊ မိုးရေလုံလောက်မှုမရှိ၊ သီးနှံအောင်ရေမရ၊ လိုအပ်သလို ရေသွင်း စိုက်ပျိုးနိုင်ခြင်းလည်း မရှိသောကြောင့် သီးနှံအထွက်နှုံးနည်းသည်။ မြေအောက်ရေ တူးဖော်ပါက ရရှိနိုင်သော်လည်း အရင်း အနှီး မတတ်နိုင်ကြပေ။

ကျေးရွာတွင် စိုက်ပျိုးမြေစုစုပေါင်း ၆၇၈.၆၂ ဧက ရှိသော်လည်း ၄င်းတို့ အနက် ၂၄၁.၆၄ ဧကမှာ မိုးရာသီတွင်သာ ချောင်းရေမှ စိုက်ပျိုးရေရရှိသော်ကြောင့် သီးနှံအထွက်နှုန်း နဲသည်။ပြုပါသည်။ ကျေးရွာတွင် ချောင်းရေ၊ စိမ့်စမ်းရေများရှိသောလည်း တရားမဝင်သစ်ခုတ်မှု သစ်တော ပြုန်းတီးမှုများကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေမရရှိသဖြင့် သီးနှံဖြစ်ထွန်း အောင်မြင် မှု နည်းပါး ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေရရှိရေး အတွက် စိုက်ပျိုးရေးသုံး အဝီစီစက်ရေတွင်းများ တူးဖော်ခြင်း၊ စိမ့်စမ်းရေနှင့် ချောင်းရေတို့မှာ စိုက်ပျိုးရေ သွယ်ယူ၍ စိုက်ပျိုးရေရရှိရေး နည်းပညာ များ၊ ငွေကြေးအကူ အညီများ၊ ရေစုပ်စက်များရှိမှ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်နိုင်ကြောင်း တွေ့ရှိ ရပါသည်။

ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါးနှင့် ပဲအမျိုးမျိုး ဖြစ်သည်။ စပါးစိုက်ပျိုးမြေဧက စုစုပေါင်းမှ ၂၄၁.၆၄ ဧကဖြစ်ပြီး နယုန်လတွင် စတင်စိုက်ပျိုးကာ ဝါခေါင်လတွင် ရိတ်သိမ်း ကြသည်။ သီးနှံထွက်နှုံးမှာ အများဆုံး ၈၀ တင်းမှ အနည်းဆုံး ၇၀ တင်း၊ တဧက ပျမ်းမျှထွက်နှုံးမှာ ၇၅ တင်းဖြစ်သည်။ သွင်းအားစုလိုအပ်ချက် နိမ့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေအနေမှာ နိမ့်ပါ သည်။ ပဲအမျိုးမျိုးစိုက်ပျိုးမြေဧကစုစုပေါင်းမှ ၃၆၄.၆၁ ဧကဖြစ်ပြီး တော်သလင်းလတွင် စတင်စိုက်ပျိုး ကာ တန်ဆောင်မုန်းတွင်ရိတ်သိမ်းကြသည်။ သီးနှံထွက်နှုံးမှာ အများဆုံး ၁၀ တင်းမှ အနည်းဆုံး ၈ တင်း၊ တဧက ပျမ်းမျှထွက်နှုံးမှာ ၉ တင်းဖြစ်သည်။ သွင်းအားစုလိုအပ်ချက် နိမ့်သောကြောင့် အကျိုး အမြတ်ရရှိမှု အခြေအနေမှာ နိမ့်ပါသည်။ သီးနှံစိုက်ပျိုးရေး ကိရိယာနည်းပါးခြင်း၊ အရင်းအနှီး နည်းပါးခြင်း၊ သီးနှံပျက်ပိုးများ အစဉ်မပျက် ကျရောက်ခြင်း၊ ဓါတ်မြေသြဇာကောင်းစွာမရနိုင်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနိုင်လျှင် ပိုမို အထွက်နိုင်သောလည်း နည်းပညာရရှိမှု နည်းပါးသည့်အခက်အခဲများစွာရှိနေပါသည်။

ကျေးရွာတွင် လက်တွန်းထွန်စက် ၁ စင်း၊ ခြွေလှေ့စက် ၁ ခုနှင့် ရေစုပ်စက် ၄ ခုသာရှိပြီး တစ်ဦးချင်းပိုင်များသာ ဖြစ်သည်။ လယ်ယာသုံးစက်ကရိယာ လုံလောက်မှု မရှိပါ။ ငှါးရမ်းသုံးစွဲပါက ထွန်စက်ကို တစ်နာရီကို ၂၅၀၀၀ မှ ၃၀၀၀၀ ပေးရပြီး ၊ နာရီပြတ်ဖြင့် ငှားရမ်းပါက တစ်နာရီ ၃၅၀၀၀ ဖြစ်သည် ။

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ ၁၅၀ အိမ်ထောင်စု (၂၃၀%) ဖြစ်နေသဖြင့် တစ်အိမ်ထောင်လျှင် တိရစ္ဆာန် ၁မျိုးထက်မက တစ်ပိုင်တစ်နိုင် အနေဖြင့် မွေးမြူကြ သည်။ မွေးမြူထားသော အကောင်ရေမှာ ခိုင်းနွား ၃၄ ကောင်၊ နို့စားနွား ၁၅၂ကောင်၊ ဝက် ၆၀ ကောင်နှင့် ကြက် ၂၇၆ ကောင်သာ မွေးမြူကြသည်။မွေးမြူရေး၏ အဓိကအခက်အခဲမှာ ကျေးရွာပိုင် စားကျက်မြေ မရှိခြင်း၊ ကျေးရွာတွင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး နည်းပညာ မရရှိခြင်း၊ ချေးငွေအနေဖြင့် မည်သည့် အဖွဲ့အစည်းများမှ ရရှိနိုင်မှုမရှိခြင်း၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှု မရှိခြင်း၊ အမြတ်အစွန်း ရရှိမှု နည်းပါးခြင်း၊ ဝက်ရောင်းချရာတွင် သားသတ် လိုင်စင်ရရှိသူ၏ ခေါင်းပုံဖြတ်မှုနှင့် လိုင်စင်ချ ထားရာတွင်

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံးကရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့် မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေ သည် အရေးပသည်ကိုတွေ့ရသည်။ ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့် သတ်မှတ် ထားသည်ကို တွေ့ရသည်။ အဆင်ပြေအဆင်ေ့ဝ် အိမ်ထောင်စု ၁၉ အိမ် (၂၉.၂%)၊ အလယ် အလတ် အဆင့် အိမ်ထောင်စု ၁၉ အိမ် (၂၉.၂%)၊ ဆင်းရဲသော အိမ်ထောင်စု ၁၈အိမ် (၂၇.၇%)နှင့် အဆင်းရဲ ဆုံးအိမ်ထောင်စု ၉အိမ် (၁၃.၈%) ရှိသည်။ ထို့ကြောင့် အဆင်ပြေနှင့်ေဝ် အလယ် အလတ်အဆင့် ၃၈ အိမ် (၅၈.၄%) သာ တစ်နှစ်ပါတ်လုံး ဝမ်းစာဖူလုံမှုရှိပြီး ကျန် ဆင်းရဲ သား အိမ်ထောင်စု ၁၈ အိမ် (၂၇.၇%)နှင့် အဆင်းရဲဆုံးအိမ်ထောင်စု ၉ အိမ် (၁၃.၈%) သည် တစ်နှစ်ပါတ်လုံး ဝမ်းစာ ဖူလုံမှု မရှိကြောင်းတွေ့ရသည်။ ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စုပေါင်း ၂၇အိမ် (၄၁.၅%) မှာ အဆင်ပြေ နှင့်ေဝ်အလယ်အလတ်အိမ်ထောင်စုများတွင် နေ့စား အငှါးလုပ်ကိုင်ကြရသော်လည်း အလုပ်ပုံမှန် မရ ကြဘဲ နေ့စားခမှာလည်း နည်းကြသည်။

**(၁.၅) ထိခိုက်လွယ်မှု**

**(၁.၅.၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင်ေ့ဝ် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု%** | **ဖြေရှင်းသည့် နည်းဗျူဟာ** |
|---|---|---|---|
| ၃ လအောက် | ၈ | ၁၂% | ငွေချေးခြင်း၊ ထောက်ပံ့လှူဒါန်းမှု ရရှိခြင်း။ |
| ၃ လနှင့် ၅ လ အထိ | | | |
| ၆ လ မှ ၁၂ လ အထိ | | | |

ရင်းမြစ် .. ဥစ္စာဓနအဆင်ေ့ဝ် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။(အဆင့် ၃ မှ ၅ အိမ်နှင်ေ့ဝ် အဆင့် ၄ မှ ၃ အိမ်၊ စုစုပေါင်း ၈ အိမ်) ကျေးရွာတွင် ချေးငှါးခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများမှာ ၃ လအောက် ဝမ်းစာဖူလုံသော အိမ်ထောင်စု ၈ အိမ် (၁၂%) ရှိသည်။ ၎င်းမိသားစုများမှာ ငွေနှင့် ရိက္ခာတို့ကို အတိုးနှုန်းကြီးစွာဖြင့် ချေးယူကြရပြီး လုပ်အားဖြင့် ပြန်လည်ပေးဆပ်ကြရသည်။ ထိုကြောင်ေ့ဝ် လုပ်အားခကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူစားပြီးကျပန်းလုပ်ကိုင်၍ ပြန်လည် ဆပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ထိုကြောင်ေ့ဝ် ကျေးရွာအနေဖြင်ေ့ဝ် အသေးစားချေးငွေ၊ အတိုးမဲ့ ချေးငွေများလိုအပ်လျက်ရှိပါသည်။

**(၁.၅.၂) ကူညီစောင်ေ့ဝ်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင်ေ့ဝ်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၈ | ၇ | ၁၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည်ေ့ဝ် ပုဂ္ဂိုလ် | ၁ | ၁ | ၂ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၅ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစုစောင်ေ့ဝ်ရှောက်မှု မရှိသောသက်ကြီးရွယ်အို ၆၀နှစ်နှင်ေ့ဝ် အထက် ၁၅ဦး၊ မိသားစု/ရပ်ရွာစောင်ေ့ဝ်ရှောက်မှုမရှိသော မသန်စွမ်းပုဂ္ဂိုလ် ၂ဦး၊ ဆင်းရဲ၍ မိသားစု ဦးရေများသည်ေ့ဝ် အမျိုးသမီးဦးဆောင်အိမ်ထောင်စု ၂စုနှင်ေ့ဝ် ဆင်းရဲ၍ မိသားစုဦးရေများသည်ေ့ဝ် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု ၅စု ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ မိသားစုဝင်နဲ ခြင်း၊

လုပ်ခနဲပါးခြင်း၊ လုပ်အားနဲခြင်းတို့ကြောင့်ဖြစ်ပြီး ရာသီအလိုက်သီးနှံစိုက်ပျိုးခြင်း၊ ကျပန်း လုပ်ကိုင်ခြင်းများဖြင့် ဖြေရှင်းကြပါသည်။

**(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| **စဉ်** | **ထိခိုက်လွယ်မှုအမျိုးအစား** | **ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)** | **မှတ်ချက်** |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် | ဆင်းရဲသားအိမ်ထောင်စု(%)ရှိခြင်း။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်များရှိသဖြင့်။ |
| ၃ | ရေကြီးခြင်း | လတ် | နှစ်စဉ်ရွာအနီးအချို့နေရာများရေဝင်။ |
| ၄ | မိုးခေါင်ခြင်း | လတ် | အချို့သောနှစ်များတွင်မိုးခေါင်။ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ဖြစ်လေ့ဖြစ်ထမရှိ။ |
| ၆ | မုန်တိုင်း | နိမ့် | ဆိုးဆိုးရွားရွား ဖြစ်ပေါ်လေ့မရှိ။ |
| ၇ | ငလျင် | လတ် | ၂၀၁၂ ငလျင်လှုပ်သော်လည်း ကြီးကြီး မားမား ဆုံးရှုံးမှုမရှိခဲ့။ |
| ၈ | မီးဘေး | လတ် | အချိန်မရွေးကျရောက်နိုင်။ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ပင်လယ်နှင့် နီးစပ်မှုမရှိ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | ဓါတုဆေးဝါးများနှင့်စိုက်ပျိုးနည်းစနစ်မမှန်ကန်မှုကြောင့်မြေဆီလွှာထိခိုက်မှုများရှိ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ကျေးရွာနယ်နိမိတ်အတွင်း သစ်တောများ မရှိသလောက်ရှားပါးခြင်း။ |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | ငှက်ဖျားဇုန်အတွင်းတည်ရှိသည်။ |
| ၁၃ | တီဘီရောဂါ | မြင့် | အသက်ရှူလမ်းကြောင့်နှင့် လူ့အသုံးဆောင်များမှတဆင့် ကူးစက်သော ကြောင့်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | ရာသီအလိုက်ရောဂါကျရောက်မှုရှိ။ ထိရောက်စွာမကာကွယ်နိုင်သဖြင့်။ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိသေးပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | တကောင်းလမ်းမကြီးနှင့် ၃ မိုင်ခန့်သာ ကွာဝေးပြီး ရာသီမရွေးသွားလာနိုင်။ |
| ၁၉ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် စားနပ်ရိက္ခာ မဖူလုံမှု၊ သစ်တောပြုန်းတီးမှု၊ တီဘီရောဂါများတွင် ထိခိုက်လွယ်မှုမြင့်သည်။ အဘယ်ကြောင့် ဆိုသော် ကျေးရွာတွင် နေ့စားအလုပ်လုပ်ကိုင်ရသူများပြားခြင်း၊ လုပ်အားခ နဲပါးခြင်း၊ ပုံမှန်ဝင်ငွေ မရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ သစ်တောများ၊ ထင်းများ စည်းကမ်းမဲ့ ခုတ်လှဲခြင်းနှင့် မီးသွေး ထုတ်လုပ်ခြင်းကြောင့်လည်း သစ်တောပြုန်းတီးမှုရှိသည်။ တီဘီရောဂါ သည်လည်း အသက်ရှူ လမ်းကြောင်းနှင့် လူ့အသုံးအဆောင်များ ကိုင်တွယ်ခြင်း၊ အတူ သုံးဆောင် ခြင်းမှတဆင့် ကူးစက် တတ်သောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ ငှက်ဖျားနှင့် အခြားကူးစက် ရောဂါများ ကူးစက် နိုင်ခြေများခြင်း၊ မိုးခေါင်ခြင်း၊ရေကြီးခြင်း၊ငလျင်နှင့် ငှက်ဖျားဇုံအတွင်း တည်ရှိ သောကြောင့်လည်း ထိခိုက်လွယ်မှုလတ်ဖြစ်သည်။ မီးဘေးမှာလည်း အချိန်မရွေး ကျရောက်နိုင်ပြီး၊တိရစ္ဆာန် ကူးစက် ရောဂါကျရောက်မှုမှာလည်း နှစ်စဉ်ရှိသောကြောင့် ထိခိုက်လွယ်မှု လတ်ဖြစ်သည်။ ကျန်အအေး လွန်ကဲခြင်း၊ မုန်တိုင်း၊ ဆားငန်ရေဝင်ရောက်မှု၊ ပြည်တွင်းပဋိပက္ခ၊ တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု၊ လူကုန်ကူးမှု၊လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှု တို့တွင် ထိခိုက်လွယ်မှု နိမ့်သည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သညဝ့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သညဝ့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သညဝ့်သူများ | ထိခိုက်မှု (နိမဝ့်/လတ်/မြင ဝ့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါးနှငဝ့်အရက်များလွယ်ကူ ပေါများခြင်း။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | ဆင်းရဲသညဝ့်အပြင် အမျိုးသမီးဦးဆောင် သဖြငဝ့် လုပ်ငန်းမတွင်ကျယ်ခြင်း။ဝင်ငွေ နည်းပါးခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ဝမ်းစာမဖူလုံသဖြငဝ့် ထိခိုက်လွယ်။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမဝ့် | နေထိုင်သူမရှိသဖြငဝ့်။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမဝ့် | နေထိုင်သူမရှိသဖြငဝ့်။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | နေထိုင်သူမရှိသဖြငဝ့်။ |
| ၇ | ပြည်တွင်းနေရပ်စွနဝ့်ခွာရွှေ့ပြောင်းခံ ရသူများ (IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | လတ် | တစ်ခါတစ်ရံမြစ်ရေတက်သဖြငဝ့်။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမဝ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်ပုံမှန်မရှိ။ဝင်ငွေမမှန်မှုကြောငဝ့်။ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမဝ့် | မရှိသဖြငဝ့်။ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် | မရှိသဖြငဝ့်။ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | မရှိသဖြငဝ့်။ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမဝ့် | မရှိသဖြငဝ့်။ |
| ၁၅ | ဆေးစွဲသူများ | မြင့် | မူးယစ်ဆေးဝါးသုံးစွဲသဖြငဝ့် မှား/မှန်ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိ။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | လတ် | |
| ၁၇ | လှညဝ့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် | မိမိအရပ်ဒေသမှ အခြားဒေသသို့သွားလာမှု များသဖြငဝ့်။ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြငဝ့် | လူကုန်ကူးခံရနိုင်ခြင်း၊မူးယစ်ဆေးဝါးနှငဝ့် ရောဂါကူးစက်နိုင်ခြေများခြင်း။ |
| ၂၀ | ကားသမား | မြင့် | မတော်တဆဖြစ်နိုင်ခြေများခြင်း။နယ်စုံ လူပေါင်းစုံတွေ့ဆုံနိုင်သဖြငဝ့်။ |
| ၂၁ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်သက်ရာက်လွယ်မှု ခံရနိုင်သော လူအုပ်စုများတွင်လည်း လူငယ်၊ အမျိုးသမီးဦးဆောင်သညဝ့် အိမ်ထောင်စု၊ လက်လုပ်လက်စား ကျပန်းများ၊ ဆေးစွဲသူများ၊ လှညဝ့်လည် သွားလာ၍ ဈေးရောင်းသူများ၊ ရွှေ့ပြောင်းလုပ်သားများနှငဝ့် ကားသမားများသည် ထိခိုက်လွယ်မှု မြငဝ့်သည်။ လူငယ်များသည် မိသားစုဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင် ရှာဖွေရသူများ ဖြစ်သဖြငဝ့် လုပ်ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊ မိသားစုနှငဝ့် အဝေးတွင် သွား ရောက် အလုပ်လုပ်ကိုင် ကြရသောကြောငဝ့် ကူးစက်ရောဂါများ ကူးစက်နိုင်ခြေများခြင်း၊ အနိုင်ကျငဝ့် ခံရနိုင်ခြင်း၊ လူကုန်ကူး ခံရနိုင်ခြင်း၊ ဆိုင်ကယ်အသုံးပြုများသဖြငဝ့် ယဉ်တိုက်မှု မတော်တဆဖြစ်နိုင်ခြေများခြင်းတို့ကြောငဝ့် ထိခိုက်လွယ်မှု မြငဝ့်သည်။ အမျိုးသမီးဦးဆောင်သော

| သီးနှံ | စုစု ပေါင်း စိုက် ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/ လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အ နည်း ဆုံး | အ များ ဆုံး | ပျှမ်း မျှ | မှ | ထိ | | | |
| ပဲအမျိုး မျိုး | ၃၆၄.၆၁ | တင်း | ၈ | ၁၀ | ၉ | တော် သ လင်း | တန် ဆောင် မုန်း | နိမ့် | နိမ့် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါးနှင့် ပဲအမျိုးမျိုး ဖြစ်သည်။ စပါးစိုက်ပျိုးမြေဧကစုစုပေါင်းမှ ၂၄၁.၆၄ ဧကဖြစ်ပြီး နယုန်လတွင် စတင်စိုက်ပျိုးကာ ဝါခေါင်လတွင်ရိတ်သိမ်းကြသည်။ သီးနှံထွက်နှုန်းမှာ အများဆုံး ၈၀ တင်းမှ အနည်းဆုံး ၇၀ တင်း၊ တဧက ပျမ်းမျှထွက်နှုန်းမှာ ၇၅ တင်းဖြစ်သည်။ သွင်းအားစုလိုအပ်ချက် နိမ့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေအနေမှာ နိမ့်ပါသည်။ ပဲအမျိုးမျိုးစိုက်ပျိုးမြေဧကစုစုပေါင်းမှ ၃၆၄.၆၁ ဧကဖြစ်ပြီး တော်သလင်းလတွင် စတင်စိုက်ပျိုးကာ တန်ဆောင်မုန်းတွင်ရိတ်သိမ်းကြသည်။ သီးနှံထွက်နှုန်းမှာ အများဆုံး ၁၀ တင်းမှ အနည်းဆုံး ၈ တင်း၊ တဧက ပျမ်းမျှထွက်နှုန်းမှာ ၉ တင်းဖြစ်သည်။ သွင်းအားစုလိုအပ်ချက် နိမ့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေအနေမှာ နိမ့်ပါသည်။ သီးနှံစိုက်ပျိုးရေး ကိရိယာနည်းပါးခြင်း၊ အရင်းအနှီးနည်းပါးခြင်း၊ သီးနှံပျက်ပိုးများ အစဉ်မပျက် ကျရောက်ခြင်း၊ ဓါတ်မြေသြဇာကောင်းစွာမရနိုင်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနိုင်လျှင် ပိုမို အထွက်နိုင်သောလည်း နည်းပညာရရှိမှု နည်းပါးသည့်အခက်အခဲများစွာရှိနေပါသည်။

**(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ**

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ် ဦး ချင်း ပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေ အတွ က် | လယ် သမားဦ းရေ | အရေအ တွက် | လယ်သ မား ဦးရေ | | |
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | ၁ | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | ၁ | | | | | | |
| ရေစုပ်စက် | ၄ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်တွန်းထွန်စက် ၁ စင်း၊ ခြွေလှေ့စက် ၁ ခုနှင့် ရေစုပ်စက် ၄ ခုသာရှိပြီး တစ်ဦးချင်းပိုင်များသာ ဖြစ်သည်။ လယ်ယာသုံးစက်ကရိယာ လုံလောက်မှု မရှိပါ။ ငှါးရမ်းသုံးစွဲပါက ထွန်စက်ကို တစ်နာရီကို ၂၅၀၀၀ မှ ၃၀၀၀၀ ပေးရပြီး ၊ နာရီပြတ်ဖြင့် ငှားရမ်းပါက တစ်နာရီ ၃၅၀၀၀ ဖြစ်သည် ။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| | | | | | |
|---|---|---|---|---|---|
| မပြည့်စုံခြင်း။ | | | စိတ်ကြိုက်လေ့လာသင်ယူရန် အခွင့်အလမ်းနှင့်အခြေအနေမရှိခြင်း၊ သင်ကျက်စနစ်ကျင့်သုံးခြင်း | အလွယ်တကူ လေ့လာနိုင်သည့် ပါတ်ဝန်း ကျင်ဖန်တီးပေးရန်။ | သည့် e-libarily ဖြစ်အောင် ဆောင်ရွက်ပေးရန်။ |
| သင်ကြားမှု အားနည်း ခြင်း | ဘာသာရပ် အလိုက် ကျွမ်းကျင် ဆရာ/မ အင်အား မလုံလောက်ခြင်း၊လစ်လပ်နေရာများတွင် ဆရာ/မ ပြန်လည်ခန့်ထားမှုမရှိခြင်း | | ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဆရာ/ဆရာမ ခန့်ထားမှု အားနည်းခြင်း၊ လစ်လပ်နေရာများအား အမြန်ပြန်လည်ဖြည့်တင်းခန့်ထားနိုင်မှုမရှိခြင်း။ | ကျွမ်းကျင်ဆရာ/ဆရာမ များအားစီစစ်ခန့်ထားပေးခြင်း<br>လက်ရှိဆရာ/မများအား ကျွင်းကျင်မှုကိုစီစစ်ခြင်း နှင့် ဆရာဖြစ်သင်တန်း ပေးခြင်း၊<br>ပညာရေးဌာနနှင့်ချိတ်ဆက်၍ လစ်လပ်ဆရာ/မ များအမြန်ဖြည့်တင်းခန့် ထားရန်တင်ပြခြင်း။ | ဆရာဖြစ်သင်တန်းပေးခြင်း<br>လစ်လပ်ဆရာ/ဆရာမများ အမြန်ပြန်လည်ဖြည့်တင်း ခန့်ထားပေးခြင်း |
| ကျောင်းသားများအားကစားတွင်ထူးချွန်မှုအားနည်းသည်။ | ကျောင်းအားကစား ပစ္စည်း ပြည့်စုံလုံလောက်မှုမရှိ။ | အားကစားကို ကျောင်းသားများ စိတ်ဝင်စားကြသည်။ | ပညာရေးရံပုံငွေ အားနည်းသည်။ ပညာရေးဌာ နမှ အားကစားကို အားပေးနိုင် မှု အားနည်းသည်။ | ကျောင်းအားကစားမြှင့်တင်ရန်။ | ကျောင်းအားကစားပစ္စည်း။ နှစ်စဉ် ကျောင်းပြေးခုန်ပစ်ပြိုင်ပွဲများ၊ စာပေပြိုင်ပွဲများ ကျင်းပပေးခြင်း |
| မူကြိုအရွယ်ကလေးငယ် များ ပြုစုစောင့်ရှောက်ရန် အခက်အခဲရှိသည်။ | မူကြိုအရွယ်ကလေးငယ်များအတွက် မူကြိုကျောင်းမရှိခြင်း၊ ကလေးငယ်များ ကျန်းမာရေး အားနည်းသည်။ | မူကြိုအရွယ်ကလေးငယ်များ စွာရှိသည်။ | မူကြိုကျောင်းမရှိ။ ကျောင်းကျန်းမာရေး ပညာ ပေး အစီအစဉ်မရှိ | မူကြိုကျောင်းဖွင့်လှစ်ခြင်း နှင့် ကျောင်းကျန်းမာရေး ပညာပေးဆောင်ရွက်သင့်။ | မူကြိုကျောင်းဆောင် ဖွင့်လှစ်တည်ထောင်ခြင်း၊ ကလေးငယ်များအာဟာရပြည့်ဝရေးဆောင်ရွက်ခြင်းနှင့် ကျောင်းကျန်းမာရေးပညာပေး အစီအစဉ် |
| ၇ **<u>ကျန်းမာရေးကဏ္ဍ</u>** | | | | | |
| ကျန်းမာရေးအဆောက်အဦးနှင့်အသုံးအဆောင်များပြည့်စုံမှုမရှိ။<br>ဒေသထွက် သဘာဝ ဆေးဖက်ဝင်အပင်များတဖြည်းဖြည်းရှား ပါး လာသည်။ | ရွာသူ/သားများမှာ ဆင်းရဲသောကြောင့် မ တတ်နိုင်ကြပါ။ ကျန်းမာရေးအရေး ပေါ် သွားလာရန်အ ခက်အခဲရှိသည်။ စနစ်တကျထိန်းသိမ်းမှုမရှိ ။ စည်းကမ်းမဲ့ | ကျန်းမာရေးဦးစီးဌာန နှင့် ကျန်းမာရေးဖွံ့ဖြိုးရေး ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ရှိသည်။<br>ဒေသတွင် တန်ဖိုးရှိ ဆေးဖက်ဝင်အပင်များ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့များနှင့် ချိတ်ဆက်မှု အားနည်းသည်။<br>ထိန်းသိမ်းမှု အားနည်း သည်။ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း။<br>စနစ်တကျထိန်းသိမ်း ခြင်း၊ ပညာပေးဆောင်ရွက်ခြင်းပြုလုပ်ပေးသင့်သည်။ တိုင်းရင်းဆေး | **<u>၁၁။ ကျန်းမာရေးအဆောက်အဦးများ မြှင့်တင်ခြင်း</u>**<br>ဆေးခန်းဆောက်လုပ်ခြင်း ဆေးခန်းပရိဘောဂနှင့် ဆေးခန်းသုံးပစ္စည်းများ လူနာတင်အရေးပေါ်ကား ထူထောင်ခြင်း တိုင်းရင်းဘယဆေးခြံထူ |

